# ပဋိဇီဝဆေးများကိုစနစ်တကျစီမံကွပ်ကဲရန် သင်၏အကူအညီ လိုအပ်ပါသည်။

ဆေးဝါးစက်ရုံ

ပဋိဇီဝဆေးများသည် လူနှင့်တိရစ္ဆာန်များတွင် ကူးစက်ရောဂါပိုးများကို ကာကွယ်ကုသရန် မရှိမဖြစ်လိုအပ်သောဆေးဝါးများဖြစ်ပါသည်။

သို့သော် အဆိုပါဆေးဝါးများ၏ ထိရောက်မှု အာနိသင်သည် ကျဆင်းလျက်ရှိသည်။

- ထိုကဲ့သို့တန်ဖိုးရှိဆေးဝါးများကို စည်းကမ်းမဲ့သုံးစွဲလိုက်တိုင်း ရောဂါပိုးမွှားများ၏ ဆေးယဉ်ပါးမှုအန္တရာယ်သည် လည်း ကြီးထွားလာမည်ဖြစ်ပါသည်။ ဘက်တီးရီးယားပိုးမွှားများသည် ဆေးယဉ်ပါးမှုဖြစ်ပွားပါက ပဋိဇီဝဆေးဝါး များ၏ ထိုဘက်တီးရီးယားပိုးများအပေါ်ထိရောက်မှုအာနိသင်မရှိတော့ဘဲ ရောဂါများကို ကုသ၍မရနိုင်တော့ပါ။ ဤဖြစ်စဉ်ကို ပဋိဇီဝဆေးယဉ်ပါးမှုဟုခေါ်ပါသည်။ ဆေးယဉ်ပါးသည့် ရောဂါပိုးမွှားများမဖြစ်ပေါ်စေရေးကာကွယ် ရန် သို့မဟုတ် လျှော့ချရန်အတွက် လူသားကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် အပင်ကျန်းမာရေးကဏ္ဍ အားလုံးတွင် တာဝန်ရှိပါသည်။ ထုတ်လုပ်ပြီးသော ပဋိဇီဝဆေးအုပ်စုများ၏ အာနိသင်ဆက်တက်တည်မြဲ ထိရောက်စေရေးနှင့် ပဋိဇီဝဆေးအသစ်များထုတ်လုပ်ခြင်းဖွံ့ဖြိုးတိုးတက်မှုသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအတွက် အလွန်အရေးကြီးပါသည်။
- အဆိုပါတန်ဖိုးရှိဆေးဝါးများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များ အတိုင်း စဉ်းစားချင့်ချိန် အသုံးပြုခြင်းကို စီမံကွပ်ကဲခြင်းဖြင့် အဆိုပါဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။
- ကျွန်ုပ်တို့အားလုံးတွင် ဆေးယဉ်ပါးမှုပြဿနာအတွက် တာဝန် ကိုယ်စီ ရှိကြီးပြီး(သင်) ဆေးဝါးထုတ်လုပ်သူ အနေဖြင့် ကူညီဖြေရှင်း နိုင်ပါသည်။

> “ပဋိဇီဝဆေးများဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို တည်တံ့အောင် ထိန်းသိမ်းနိုင်ရန်အတွက် အဆိုပါဆေးဝါးများကို ကို စဉ်းစားချင့်ချိန် အသုံးပြုရန် ကျွန်ုပ်တို့အားလုံး အတူတကွလုပ်ဆောင်ရန်လိုအပ်ပါသည်။”

ကျွန်ုပ်တို့အားလုံးက သင့်ကို လိုအပ်နေပါတယ်



- ပဋိဇီဝဆေးယဉ်ပါးမှုသည့်ပိုးမွှားများပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ဖြစ်ပါသည်။
- ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သည် နိုင်ငံတကာစံချိန်စံညွှန်းများအရ ပဋိဇီဝဆေးများကို စဉ်းစားချင့်ချိန်အသုံးပြုရေးသည် လူသားကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်ကောင်းကျိုးချမ်းသာအတွက် အရေးကြီး သောကြောင့် ဆေးဝါးစက်ရုံများအပါအဝင် ကဏ္ဍအားလုံးတွင် တာဝန်ရှိ ပါသည်။

@ For more information: **www.oie-antimicrobial.com**

# ဆေးဝါးထုပလုပရေးစကရ (တံခါးမှူး)

ဆေးဝါးစက်ရုံ

- ဆေးဝါးထုတ်လုပ်သူ (စက်ရုံ)များ၏အခန်းကဏ္ဍသည် ဘေးဥပါဒ်အန္တရာယ်ကင်းပြီး အာနိသင်ထိရောက်သည် ပဋိဇီဝဆေးများထုတ်လုပ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။ ဆေးဝါးစက်ရုံများသည်အရည်အသွေးမြင့် ဆေးဝါးများကို ထုတ်လုပ်ပြီး အဆိုပါဆေးဝါးများကို မှန်မှန်ကန်ကန် ချင့်ချိန်သုံးစွဲတတ်သူများလက်ထဲသို့ ထည့်သွင်းဖြန့်ဖြူးခြင်းဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုတွင် ကူညီသင့်သည်။
- သင်၏ဦးဆောင်မှုနှင့် လွှမ်းမိုးမှုများသည် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးလှုပ်ရှားမှု၊ ကဏ္ဍအသီးသီးတွင် ကျွမ်းကျင်ပိုင်နိုင်မှုနှင့် တစိုက်မတ်မတ်ဆောင်ရွက်လျက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းများတွင် အဓိ က မဏ္ဍိုင်ဖြစ်သည်။

## ဆေးဝါးထုတ်လုပ်သူ (စက်ရုံ)များသည်

၁ ဘေးဘေးဥပါဒ်အန္တရာယ်ကင်းပြီး အာနိသင်ထိရောက်သည့်ပဋိဇီဝဆေးများ ထုတ်လုပ်ပြီး ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်များကို လိုက်နာသင့်သည်။

၂ ဈေးကွက်ခွင့်ပြုမိန့်များရယူလျက် ပဋိဇီဝဆေးဝါးများပါဝင်သော ထုတ်ကုန်ပစ္စည်းများကို အသားထုတ်လုပ်သူများထံသို့ တိုက်ရိုက်ကြော်ငြာခြင်းမပြုဘဲ ကုဒ်နံပါတ်များဖြင့်သာ ကြော်ငြာသင့်သည်။

၃ ပဋိဇီဝဆေးများပါဝင်သော ဆေးဝါးထုတ်ကုန်များကို တရားဝင်ခွင့်ပြုချက်နည်းလမ်းဖြင့် သာ ဖြန့်ဖြူးရောင်းချသင့်သည်။

၄ ပဋိဇီဝဆေးဝါးသုံးစွဲမှုနှင့်ပဋိဇီဝဆေးယဉ်ပါးမှု စစ်တမ်းကောက်ယူမှုတွင် ဆေးဝါရောင်းချမှုအသေးစိတ်အချက်အလက်များမျှဝေခြင်းဖြင့် အခွင့်အာဏာရအစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်။

၅ ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်နှင့် ဆေးများဖြန့်ဖြူးရောင်းချသည့်အခါ ပဋိဇီဝဆေးများ ချင့်ချိန်သုံးစွဲတတ်ရန်လိုအပ်ပါကြောင်းဖြင့် မီးမောင်းထိုးပြသင့်သည်။

၆ ပဋိဇီဝဆေးများ ချင့်ချိန်သုံးစွဲခြင်းနှင့်ပတ်သက်သော သင်တန်းများတွင်ပါဝင်တက်ရောက်သင့် သည်။

၇ ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးလုပ်ငန်း များ၊ ကာကွယ်ဆေးသုံးစွဲခြင်းနှင့်ရောဂါပိုးမွှား အမြန်စစ်ဆေးရှာဖွေနိုင်သည့် စမ်းသပ်နည်းများ သုံးစွဲခြင်းကဲ့သို့သော ပဋိဇီဝဆေးအစားထိုး သုံးစွဲခြင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဆောင်ရွက်ရမည့် သုတေသနလုပ်ငန်းများတွင် ထောက်ပံ့ကူညီသင့်သည်။




Funded by UK Government

WORLD ORGANISATION FOR ANIMAL HEALTH
Protecting animals, preserving our future